# Burmese Democratic Futures Working Group – BDFWG

# University of Virginia

**Weekly Summary (June 22- 30, 2024)**

## စစ်ကောင်စီတပ်သားများနှင့် PDF များ ထိခိုက်သေဆုံးမှု

၂၀၂၄ ခုနှစ်၊ ဇွန်လ နောက်ဆုံးပတ် တစ်ပတ်အတွင်း မြန်မာနိုင်ငံအနှံ့အပြားတွင် NUG လက်အောက်ခံ PDF များ၏ တိုက်ခိုက်မှုကြောင့် စစ်ကောင်စီ တပ်သား ၁၄၈ ဦး၊ ရဲ ၁ ဦး သေဆုံးခဲ့ပြီး ပြည်သူ့ကာကွယ်ရေး ပူးပေါင်းတပ်ဖွဲ့မှ ၆ ဦး ကျဆုံးခဲ့ပါသည်။

စစ်ကောင်စီတပ်ဖွဲ့များ သေဆုံးမှု အများဆုံးမှာ မကွေးတိုင်းဖြစ်ပြီး ၄၅ ဦးသေဆုံးခဲ့ပါသည်။ စစ်ကိုင်းတိုင်းမှာ ဒုတိယအများဆုံးဖြစ်ပြီး ၄၁ ဦး သေဆုံးခဲ့ပါသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် တတိယအများဆုံးဖြစ်ပြီး ၃၀ ဦး သေဆုံးခဲ့ပါသည်။

## အရပ်သား ထိခိုက် / သေဆုံး / ဆုံးရှုံးမှုများ

၂၀၂၄ ခုနှစ်၊ ဇွန်လ နောက်ဆုံးပတ် တစ်ပတ်အတွင်း မြန်မာနိုင်ငံအနှံ့အပြားတွင် စစ်ကောင်စီတပ်၏ လေကြောင်းနှင့် လက်နက်ကြီး ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ ၁၀၁ ဦး သေဆုံးခဲ့ပါသည်။ ထိုအထဲတွင် သံဃာ ၅ ပါး၊ ကလေး ၁ ဦး၊ အမျိုးသမီး ၇ ဦး၊ ရိုဟင်ဂျာ ၂၀ ဦး ပါဝင်ပါသည်။

အရပ်သားသေဆုံးမှုအများဆုံးမှာ ရခိုင်ပြည်နယ်ဖြစ်ပြီး ကလေးငယ် ၁ ဦးအပါအဝင် အရပ်သား ၃၁ ဦးသေဆုံးခဲ့ပါသည်။ ဒုတိယအများဆုံးမှာ ရှမ်းပြည်နယ်မြောက်ပိုင်းဖြစ်ပြီး ၂၂ ဦးသေဆုံးခဲ့ပါသည်။ တတိယအများဆုံးမှာ စစ်ကိုင်းတိုင်းဖြစ်ပြီး ၂၀ ဦး သေဆုံးခဲ့ပါသည်။

- ၂၀၂၄ ခုနှစ်၊ ဇွန်လ နောက်ဆုံးပတ် တစ်ပတ်အတွင်း မြန်မာနိုင်ငံအနှံ့အပြားတွင် စစ်ကောင်စီတပ် မီးရှို့သဖြင့် နေအိမ် ၁၃ လုံး မီးလောင်ပျက်စီးခဲ့ပါသည်။ ချင်းပြည်နယ်မြောက်ပိုင်း၊ တီးတိန်မြို့နယ်၊ သိုင်းငင်းရွာတွင် စစ်ကောင်စီတပ်မှ မီးရှို့ခဲ့သောကြောင့် နေအိမ် ၁၀ လုံး မီးလောင်ပျက်စီးခဲ့ပြီး၊ စစ်ကိုင်း တိုင်း၊ မုံရွာမြို့နယ် လယ်ဇင်ကျေးရွာကို စစ်ကောင်စီတပ်သားတွေ ဝင်ရောက်မီးရှို့ဖျက်ဆီးခဲ့ သောကြောင့် နေအိမ် ၃ လုံး မီးလောင်ပျက်စီးခဲ့ပါသည်။ မန္တလေးတိုင်း၊ နွားထိုးကြီးမြို့နယ်အတွင်း စစ်ကောင်စီမှ ရွာစဉ်လှည့်မီးရှို့ခဲ့ပါသည်။ ပျက်စီးရှုံးဆုံးမှုကို ဖော်ပြခြင်း မသိရှိရပါ။

- ၂၀၂၄ ခုနှစ်၊ ဇွန်လ နောက်ဆုံးပတ် တစ်ပတ်အတွင်း ဧရာဝတီတိုင်း၊ မန္တလေးတိုင်း၊ ရခိုင် ပြည်နယ်၊ စစ်ကိုင်းတိုင်းတို့တွင် စစ်ကောင်စီတပ်၏ ဖမ်းဆီးခံရသည့် အရပ်သားပြည်သူ ၈၄ ဦး ရှိပါသည်။ ရခိုင်ပြည်နယ်တွင် ၆၄ ဦးဖြင့် ဖမ်းဆီးခံရမှု အများဆုံးဖြစ်ပြီး၊ မန္တလေးတိုင်းတွင် ၁၃ ဦးဖြင့် ဒုတိယ အများဆုံး ဖမ်းဆီးခံခဲ့ရပြီး၊ စစ်ကိုင်းတိုင်းတွင် ၆ ဦး၊ ဧရာဝတီတိုင်းတွင် ၁ ဦးတို့ ဖြစ်ပါသည်။

**တိုက်ပွဲများ**

မြန်မာနိုင်ငံအနှံ့အပြားတွင် ဒရုန်းတိုက်ခိုက်မှုများအပါအဝင်၊ တိုက်ပွဲ အကြီးအငယ်ပေါင်း ၅၉ ကြိမ်ဖြစ်ပွားခဲ့ပြီး၊ စစ်ကိုင်းတိုင်းတွင် တိုက်ပွဲအကြိမ်အရေအတွက် အများဆုံးဖြစ်ကာ တိုက်ပွဲ ၁၃ ကြိမ်ဖြစ်ပွားခဲ့ပါသည်။ မန္တလေးတိုင်းတွင် ဒုတိယ အများဆုံးဖြစ်ပြီး ၉ ကြိမ်ဖြစ်ပွားခဲ့ပါသည်။ စခန်းသိမ်း၊ မြို့သိမ်းတိုက်ပွဲများ ဆင်နွှဲနေသော ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်တို့ တွင် တိုက်ပွဲ ၆ ကြိမ်စီ ဖြစ်ပွားခဲ့ပါသည်။ ၁၀၂၇ စစ်ဆင်ရေး ဒုတိယလှိုင်း ဆင်နွှဲလျက်ရှိသော ရှမ်းမြောက်တွင် တိုက်ပွဲပေါင်း ၅ ကြိမ် ဖြစ်ပွားခဲ့ပါသည်။

၂၀၂၄ ခုနှစ်၊ ဇွန်လ နောက်ဆုံးပတ် တစ်ပတ်အတွင်းတွင် တော်လှန်ရေးတပ်ဖွဲ့ဝင်များ၏ ထင်ရှားသော စခန်းသိမ်း၊ မြို့သိမ်းတိုက်ပွဲများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**ချင်းပြည်နယ်**

- ချင်းပြည်နယ်မြောက်ပိုင်း၊ တီးတိန်မြို့နယ်၊ သိုင်းငင်းရွာတွင် စစ်ကောင်စီတပ်နှင့် ချင်းပြည်ကောင်စီ (CC) တပ်ဖွဲ့များကြား ဇွန်လ ၂၆ ရက်ထိ တိုက်ပွဲပြင်းထန်ခဲ့ပြီး ကနေဒီတောင် စစ်တပ်စခန်းကို ချင်းပြည်ကောင်စီ(CC) တပ်ဖွဲ့များက ပြန်လည်ထိန်းချုပ်ထားနိုင်ခဲ့ပါသည်။

- ချင်းပြည်နယ်၏ ဒုတိယမြို့တော်ဖြစ်သည့် မတူပီမြို့ကို ချင်းညီနောင်နှင့် ပူးပေါင်းတပ်က ဇွန် ၂၉ တွင် အပြီးသတ် သိမ်းပိုက်ခဲ့ပါသည်။

**ကချင်ပြည်နယ်**

- ကချင်ပြည်နယ်၊ အင်းတော်ကြီး -ဖားကန့်ဒေသရှိ ဝေလုံစခန်း၊ ညောင်ပင်စခန်း၊ချောင်း၈ စခန်းများကို KIA ပူးပေါင်းတပ်က ဇွန် ၂၂ ရက်မနက်ပိုင်းမှာ တပြိုင်တည်း ထိုးစစ်ဆင် တိုက်ခိုက်သိမ်းပိုက်လိုက်ပါတယ်။

**ကရင်နီပြည်နယ်**

- ကရင်နီပြည်နယ်၊ ဘော်လခဲမြို့နယ်တွင် အရေးပါသည့် မယ့်စလောင်းတောင် စခန်းကုန်းကို ကရင်နီတော်လှန်ရေး ပူးပေါင်းတပ်မှ ဇွန်လ ၂၅ ရက်နေ့တွင် သိမ်းပိုက်နိုင်ခဲ့ပါသည်။

**မန္တလေးတိုင်း**

- မန္တလေးတိုင်း၊ မတ္တရာမြို့နယ်အတွင်းရှိ စစ်ကောင်စီတပ် အထိုင်စခန်းများဖြစ်သည့် ပန်းသလဲတောင်စခန်း၊ ကျောက်ကြမ်းတောင်စခန်းနှင့် ရေစိုတောင်စခန်းများကို ဇွန်လ ၂၇ ရက်နေ့တွင် သိမ်းပိုက်ရရှိခဲ့ပါသည်။

**ရခိုင်ပြည်နယ်**

- ရခိုင်ပြည်နယ်က စစ်ကောင်စီရဲ့ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်အတွက်အရေးပါတဲ့ တောင်ဟိန်းတောင် ဗျူဟာကုန်း၊ သံတွဲမြို့နယ်၊ သံတွဲလေဆိပ် (မဇင်လေဆိပ်)၊ သံတွဲမြို့မရဲစခန်းကို ဇွန် ၂၃ ရက်၊ မနက် ၂ နာရီခန့်မှာ အာရက္ခတပ်တော် (အေအေ) နဲ့ မဟာမိတ် ပူးပေါင်းတပ်တွေ သိမ်းပိုက် ရရှိခဲ့ပါသည်။

**စစ်ကိုင်းတိုင်း**

- စစ်ကိုင်းတိုင်း၊ အင်းတော်မြို့နယ်ရှိ စစ်ကောင်စီတပ်၏ အဓိကစခန်းတခုကို ပြည်သူ့ကာကွယ်ရေး ပူးပေါင်းတပ်ဖွဲ့များက ဇွန်လ ၂၈ ရက်တွင် တိုက်ခိုက်သိမ်းပိုက်ခဲ့ပါသည်။

**ရှမ်းပြည်နယ်မြောက်ပိုင်း**

- ရှမ်းပြည်နယ်မြောက်ပိုင်း၊ ခမရ (၁၁၅)၊ အမတ (၆၀၆) နှင့် အုမ္မခါးကျေးရွာတွင် တပ်စွဲထားသည့် စစ်ကောင်စီတပ်စခန်းကျောက်မဲမြို့ထိပ်ရှိ အမြောက်တပ်နှင့် ပြည်သူ့ဆေးရုံ၊ နောင်ချိုမြို့ပေါ်ရှိ ဌာနဆိုင်ရာအချို့ကို ဇွန်လ ၂၅ ရက်တွင် TNLA နှင့် ပူးပေါင်းတပ်ဖွဲ့တို့ တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ပါသည်။

- ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချို၊ ကျောက်မဲ၊ သီပေါနှင့် မိုးမိတ်မြို့များနှင့် မန္တလေးတိုင်း မိုးကုတ်မြို့တို့ရှိ စစ်ကောင်စီတပ်ဖွဲ့ဝင် ၅၃ ဦး  ဇွန်လ ၂၅ ရက်မှ ဇွန်လ ၂၉ ရက်အတွင်း TNLA ထံ လက်နက်ချအလင်းဝင်လာခဲ့သည်။

**ဇွန်လ ၂၂ ရက်နေ့မှ ၃၀ ရက်နေ့အထိ တစ်ပတ်အတွင်းရရှိသော သတင်းများအပေါ် အခြေခံထားပါသည်။**

| Data of Myanmar Conflict 22-30, June 2024 | | | | | | | | |
|---|---|---|---|---|---|---|---|---|
| **States** | **Clashes between SAC and PDF/EAOs** | **SAC's soldiers killed** | **PDF killed** | **Children killed** | **Civilians killed** | **Civilians arrested** | **Villages set on fire** | **Houses burned down** |
| **AYEYARWADY** | | | | | | 1 | | |
| **BAGO** | 2 | 19 | 1 | | 1 | | | |
| **CHIN** | 6 | | | | | | 1 | 10 |
| **KACHIN** | 6 | | | | 1 | | | |
| **KARENNI** | 4 | | | | | | | |
| **KAYIN** | 1 | 6 | | | | | | |
| **MAGWAY** | 6 | 45 | 2 | | 6 | | | |
| **MANDALAY** | 9 | 7 | | | 17 | 13 | 2 | |
| **MON** | | | | | 2 | | | |
| **RAKHINE** | 6 | | | 1 | 30 | 64 | | |
| **SAGAING** | 13 | 41 | 2 | | 20 | 6 | | 3 |
| **SHAN (North)** | 5 | 30 | | | 22 | | | |
| **TANINTHARYI** | 1 | | 1 | | 1 | | | |
| **TOTAL** | **59** | **148** | **6** | **1** | **100** | **84** | **3** | **13** |

## Map of Myanmar Conflict ( June 22-30, 2024 )




ကိုးကား - Myanmar Now, The Irrawaddy, PVTV, DVB, BBC, RFA, Mizzima, Ayeyarwaddy Times, Myanmar Pressphoto Agency, D Day News